
မိုးမိုး
(လာရှိုး)
ဟောင်းကြေး

# လောင်းကြေး

"မင်းမင်းရေ မင်းမင်း "

" ဟာ ကျော်နိုင်အသံပါလား။ ငါ့ကိုခေါ်နေတာ "

ကျော်နိုင် အသံကြောင့် လုပ်လက်စ အလုပ်များ ထားကာ အိမ်ပြင်သို့ ပြေးထွက်ခဲ့သည် ။ ဟိုးခပ်လှမ်းလှမ်းမှာ သူ့ကိုတွေ့ရသည် ။

" ကျော်နိုင် ငါ လာပြီဟေ့ "

ကျွန်တော် သူ့နား ရောက်သွားသည် နှင့်

" မလာနဲ့ ငါ့နား မလာနဲ့ နင် မင်းမင်း မဟုတ်ဘူး နင်သရဲ သရဲ "

လွယ်လန့် မြို့ကလေးတွင် အရူး ကျော်နိုင် ဆိုလျှင် ကလေးကအစ ခွေးအဆုံး သိကြသည် ။ ကျော်နိုင်သည် အရင်တုန်းက လူရည်သန့် လူကောင်း တစ်ယောက် ဖြစ်သည် ။ ယခုကဲ့သို့ စိတ်မနှံ့သူ တစ်ယောက် ဖြစ်သွားရခြင်းမှာ ဝဋ်ကြွေးကြောင့် လား ကံကြမ္မာကြောင့် လား မည်သူမပြု မိမိမှုလား မသိနိုင်ပါ။

သေချာသည် က ကျွန်တော်တို့ အပေါင်းအသင်း များ ၏ ပယောဂဟု ပြောဆိုနိုင်ပါသည် ။ ထိုအကြောင်းကို ပြန်စဉ်းစားမိလျှင် ကျွန်တော်တို့ သူငယ်ချင်း တစ်သိုက် ဝမ်းနည်းပူဆွေးပြီး အပြစ်ရှိသည် ဟု ခံစားရသည် မှာ အမှန်ပင် ဖြစ်သည် ။

ကျော်နိုင်သည် ကျွန်တော်၏ အချစ်ဆုံး သူငယ်ချင်း တစ်ယောက် ဖြစ်သည် ။ မူလတန်းမှ စ၍ အလယ်တန်း အထိ အခန်းတူ တစ်ခုံတည်း ထိုင်ပြီး တပူးတွဲ တွဲနေသူ ဖြစ်သည် ။ လူပုံက အသားဖြူဖြူ ပိန်ပိန်နှင့် အေးအေး နေတတ်သူ တစ်ယောက် ဖြစ်သည် ။ မိဘများ မရှိတော့ဘဲ အဒေါ်နှင့် အတူနေထိုင်ပြီး အိမ်ဆိုင်လေး ဖွင့်ထားသည် ။ အလယ်တန်း ဖြေပြီးသည် နှင့် ကျောင်းဆက် မတက်တော့ဘဲ ကားဝပ်လျှော့တွင် ပညာသင်အဖြစ် သင်ယူ လုပ်ကိုင်နေသည် ။ လကွယ်နေ့။ ကျော်နိုင် အလုပ် နားရက်မို့ ကျွန်တော်တို့ သူငယ်ချင်းတစ်စု လက်ဖက်ရည်ဆိုင် ထိုင်ကာ စကားပြောနေကြသည် ။

" ကျော်နိုင် မင်း ဦးအောင်ကြီး ပြောတာ ကြားပြီးပြီလား "

" ဘယ် ဦးအောင်ကြီးလဲကွ။ ငါက အိမ်နဲ့ အလုပ်နဲ့ အချိန်ကုန် နေတော့ ဘာမှ မသိရဘူးကွာ "

"မိုင်း ရှူး မှာ ကျောက်တူးပြီးပြန်လာတဲ့ ဦးအောင်ကြီးလေ။ ဘယ်လောက်ထောပြီး ပြန်လာလည်း မသိဘူး။ အခုစိန်ခေါ်ပွဲတွေ လုပ်နေတယ် "

" ဘာစိန်ခေါ်ပွဲလဲ။ မင်းကလည်း ရှင်းအောင်ပြောပါ "

" ဒီလိုကွာ ငါတို့ လူငယ်တွေကို သတ္တိ ရှိမရှိ အလောင်းအစားနဲ့ စိန်ခေါ်နေတယ် "

" ဟုတ်လား။ ဘယ်လို အလောင်းအစားလဲ။ လောင်းကြေးက ဘယ်လောက်လဲ "

" လောင်းကြေးက သုံးသောင်း ရမှာ ။ နိုင်တာနဲ့ ရမှာ ကွာ။ ရှုံးသွားရင်လည်း ဘာမှ ပြန်ပေးစရာ မလိုဘူး။ ငါတို့ လူငယ်တွေ သတ္တိရှိအောင်

သရဲ တစ္ဆေတွေ မကြောက်အောင်လို့ သူက စိန်ခေါ်ပွဲ လုပ်ပေးတာ။ မင်းပိုက်ဆံ လိုတယ်မလား "

သူ့တစ်ရက် လုပ်အားခမှာ တစ်ထောင်သာ ရ၍ သုံးသောင်းဆိုသော ငွေပမာဏမှာ မနည်းလှပေ။

" အလောင်းအစား စိန်ခေါ်ပွဲနဲ့ သရဲတစ္ဆေက ဘာဆိုင်လို့ လဲ "

" ဒီလိုကွာ ငါတို့ မြို့ အနောက်ဘက်က သင်္ချိုင်းမှာ သူပုန်တွေ သတ်လို့ သေသွားတဲ့ ဦးစိုင်းလိတ် ရဲ့ အုတ်ဂူကြီး ရှိတယ်။ ဦးစိုင်းလိတ်က အစိမ်းသေ သေတာမို့ မကျွတ်လွတ်ဘဲ သူ့အုတ်ဂူပေါ်မှာ ည ညဆို တက်ထိုင်နေတာ။ လပြည့်ညတွေမှာ ဆို ရှမ်းဘောင်းဘီကြီးနဲ့ နှုတ်ခမ်းမွေး တကားကားနဲ့ မတ်တတ်ရပ်နေတဲ့ ဦးစိုင်းလိတ်ကို မြင်ရတာတဲ့ ။ လပြည့်ည အဲဒီအုတ်ဂူဘေးမှာ သစ်ငုတ် သွားရိုက်ရမယ်။ မနက်မိုးလင်းလို့ သူတို့ သွားကြည့်တဲ့ အချိန် သစ်ငုတ် ရိုက်ထားတာတွေ့ရင် မင်းနိုင်ပြီ။ ငွေသုံးသောင်း အလွယ်လေးရမှာ ။ ရိုက်ရမယ့် သစ်ငုတ်ကို သူတို့ အမှတ်အသားနဲ့ ပေးလိုက်မယ်။ သူတို့ ပေးလိုက်တဲ့ သစ်ငုတ်မဟုတ်ဘဲ ကြိုရိုက် ထားမှာ စိုးလို့ ။ ဪ တစ်ယောက်တည်း သွားရမှာ နော် "

ကျွန်တော်က စိတ်အား ထက်သန်စွာ ရှင်းပြသော်လည်း ကျော်နိုင့်ပုံစံမှာ ငူငူငိုင်ငိုင်ကြီး ဖြစ်နေသည် ။